ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ကယားပြည်နယ်၏

# နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၂ ခုနှစ်၊ ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ကယားပြည်နယ် ၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁ – ၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ် အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း ( ၂ )

### နောက်ထပ် အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၂ခုနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ခင်မောင်ဦး
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ် အဖွဲ့အစည်းများ

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် | ၂၃. ၁၅၃ | | | | | | |
| | ၁ | | ပြည်နယ်စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၃. ၁၅၃ | | | | | | |
| ၂ | | ၁၂ | ဆောက်လုပ်ရေး | ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် | | | | ၃၆၂. ၆၀၀ | | | |
| | ၁ | | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | ပြည်နယ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | ၃၆၂. ၆၀၀ | | | |
| ၃ | | ၁၃ | သမ ဝါယမ | ၄င်း | ၄. ၄၈၈ | | | | | | |
| | ၁ | | သမ ဝါယမဦးစီးဌာန | | ၄. ၄၈၈ | | | | | | |
| ၄ | | ၁၄ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၃. ၄၇၇ | | | | | | |
| | ၁ | | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃. ၄၇၇ | | | | | | |
| ၅ | | ၁၆ | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၆၀. ၃၀၇ | | | | | | |
| | | | ပေါင်း | | ၉၁. ၄၂၅ | | | ၃၆၂. ၆၀၀ | | | |